ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကုသရေးဦးစီးဌာန

စာအမှတ်၊ စီမံကိန်း/လမ-ဆေးဘက်(ပေါင်းကူး)/၂၀၁၉/ ၉၅၀
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ( ၁၈ )ရက်

"အမှာစာ"

အကြောင်းအရာ။ **ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ပေါင်းကူး) သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်းကိစ္စ**

ရည်ညွှန်းချက် ။ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ မန္တလေး၏ (၆-၉-၂၀၁၉) ရက်စွဲပါ စာအမှတ်။ ၂၀၂၉/ဆဘမ/သက/ပေါင်းကူး

၁။ အထက်ရည်ညွှန်းပါစာအရ ၂၀၁၉ ပညာသင်နှစ်၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ မန္တလေးတွင် ဖွင့်လှစ်သင်ကြားမည့် ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ၊ ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ) (ပေါင်းကူး) သင်တန်းများသို့ လျှောက်ထားနိုင်ရန်အတွက် ပူးတွဲဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်များနှင့် ပြည့်စုံသူများသည် သက်ဆိုင်ရာဌာနအကြီးအကဲ ထောက်ခံချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့လိပ်မူ၍ (၂၅-၁၀-၂၀၁၉)ရက်နေ့ (၁၆း၃၀)နာရီ နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။

၂။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ငွေသွင်းချလံမူရင်းနှင့်တကွ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်သို့ တိုက်ရိုက်ပေးပို့ရပါမည်။

မှတ်ချက်။ (၁) သင်တန်းဝင်ခွင့်ဖြေဆိုရန်အတွက် သတ်မှတ်ထားသော ခွင့်ရက်မပါလုပ်သက် ပြည့်ပြီး လက်ရှိတာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနအကြီးအကဲ၏ ထောက်ခံချက်ပါရှိရမည်။

(၂) လျှောက်လွှာပိတ်ရက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများ/ သက်ဆိုင်ရာဌာနအကြီးအကဲမှတဆင့် ကုသရေးဦးစီးဌာနသို့ လျှောက်ထားခြင်းမပြုသော လျှောက်လွှာများကိုလည်း စာမေးပွဲဖြေဆို ခွင့်ပြုမည် မဟုတ်ပါ။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(ဒေါက်တာဝင်းရည်မွန်၊ ညွှန်ကြားရေးမှူး)

ဖြန့်ဝေခြင်း-

- ဒုတိယညွှန်ကြားရေးမှူးချုပ်များအားလုံး
- ညွှန်ကြားရေးမှူးများအားလုံး၊ ကုသရေးဦးစီးဌာန (မိမိလက်အောက်ရှိ ဌာနများသို့ထပ်ဆင့် အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်)
- တိုင်းဒေသကြီး/ပြည်နယ်ကုသရေးဦးစီးဌာနမှူးများအားလုံး (မိမိလက်အောက်ရှိဌာနများသို့ ထပ်ဆင့်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်)
- ဗဟိုအဆင့် ဆေးရုံအုပ်ကြီးများအားလုံး (မိမိလက်အောက်ရှိဌာနများသို့ထပ်ဆင့် အကြောင်း
- ကြားပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး

အကြောင်းအရာ။ **၂၀၁၉-ပညာသင်နှစ်ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ပေါင်းကူး)သင်တန်းများအတွက်လျှောက်လွှာခေါ်ယူခြင်း။**

၂၀၁၉-ပညာသင်နှစ် ဆေးဘက်ဆိုင်ရာနည်းတက္ကသိုလ်-မန္တလေးတွင် ဖွင့်လှစ်သင်ကြားမည့်အောက်ဖော်ပြပါ(ပေါင်းကူး)သင်တန်းများ ဝင်ခွင့်လျှောက်လွှာများကို ခေါ်ယူပြီးဖြစ်ပါ၍ မိမိတို့ဦးစီးဌာနများရှိ ဝန်ထမ်းများလျှောက်ထားနိုင်ရေးအတွက် လိုအပ်သလိုဆောင်ရွက် ပေးပါရန် ဝင်ခွင့်လျှောက်လွှာခေါ်စာ(၁)စောင်စီကို ဤစာနှင့်အတူ ပူးတွဲပေးပို့အပ်ပါသည်။ လျှောက်လွှာများကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေးတွင် (၃၁-၁၀-၂၀၁၉)ရက်နေ့ (၄:၀၀)နာရီ နောက်ဆုံးထား ပေးပို့ပေးပါရန် တစ်ပါတည်းအကြောင်းကြားအပ်ပါသည်။

| စဉ် | သင်တန်းအမည် |
|---|---|
| ၁။ | ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲနည်းပညာ) |
| ၂။ | ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) |

(ပါမောက္ခဒေါက်တာမြမြအေး)
ပါမောက္ခချုပ်
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး

စာအမှတ်၊ ၂၀၂၉ /ဆဘမ/သက/ပေါင်းကူး။
ရက်စွဲ၊ ၆.၉.၂၀၁၉

ဖြန့်ဝေခြင်း။
၁။ ညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာနများအားလုံး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန။

မိတ္တူကို/-
၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန။
၂။ ရုံးလက်ခံဖိုင်။
၃။ မျှောစာဖိုင်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး**

**ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)**
**(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) (ပေါင်းကူး)သင်တန်းများ**
**အတွက်လျှောက်လွှာခေါ်ယူခြင်း**

၂၀၁၉-ပညာသင်နှစ် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး၌ ဖွင့်လှစ်မည့် ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) (ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ) (ပေါင်းကူး)သင်တန်းများ ဝင်ခွင့်အတွက် အောက်ပါသတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**၁။ အရည်အချင်းသတ်မှတ်ချက်**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနိမ့်ဆုံးအခြေခံပညာအထက်တန်း(က)အဆင့်ဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။
(ဂ) ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများရှိ ဆေးဘက်ကျွမ်းကျင်(၃)(ဓာတ်ခွဲ)၊ (ဓာတ်မှန်)ရာထူးဖြင့် အနည်းဆုံးလုပ်သက်(၅)နှစ် တာဝန်ထမ်းဆောင်ပြီးသူဖြစ်ရမည်။
(ဃ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၀)နှစ်ထက် မကြီးသူဖြစ်ရမည်။
(င) သင်တန်းတက်ရောက်အောင်မြင်ပြီးပါက(၃)နှစ်ဆက်တိုက်ဆက်လက်တာဝန်ထမ်းဆောင်ရမည်။

၂။ လျှောက်လွှာ ပိတ်ရက်မှာ(၃၁-၁၀-၂၀၁၉)နေ့ ဖြစ်ပါသည်။

၃။ ပူးတွဲလျှောက်လွှာပုံစံအတိုင်း ပြည့်စုံစွာဖြည့်စွက်၍ သက်ဆိုင်ရာဌာနအကြီးအမှူးမှတဆင့် လျှောက်ထားရမည်ဖြစ်ပြီး၊ကြိုတင်လျှောက်လွှာမိတ္တူတစ်စောင်ကို ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်-မန္တလေးသို့ မပျက်မကွက် ပေးပို့လျှောက်ထားရမည်။

မှတ် ချက်။ (၁) သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးမှတဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။

(၂) လျှောက်လွှာပိတ်ရက်ထက် နောက်ကျပြီး ပေးပို့သော လျှောက်လွှာများ၊ သတ်မှတ်ချက် မပြည့်စုံသော လျှောက်လွှာများ၊ သက်ဆိုင်ရာဌာန အကြီးအမှူးမှတဆင့် လျှောက်ထားခြင်းမရှိသော လျှောက်လွှာများကို လုံးဝ(လုံးဝ)လက်ခံစဉ်းစားမည်မဟုတ်ပါ။

**၄။ လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည့်အချက်များ**

(က) ကိုယ်ရေးရာဇဝင်အပြည့်အစုံ
(ခ) ဝန်ထမ်းစိစစ်ရေးကတ်(မိတ္တူ) နှင့် ဝန်ထမ်းကိုယ်ရေးကတ်(မိတ္တူမှန်)
(ဂ) အခြေခံပညာအထက်တန်း(သို့မဟုတ်)တက္ကသိုလ်ဝင်တန်း(က)အဆင့်အောင်လက်မှတ် (မိတ္တူမှန်)
(ဃ) (၆)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၁)ပုံကို လျှောက်လွှာတွင် ကပ်ပြီးအပို(၂)ပုံကို ပူးတွဲပို့ရန် (ကျောဘက်တွင် အမည်နှင့် မှတ်ပုံတင်အမှတ်ဖော်ပြရန်)
(င) လက်ရှိတာဝန်ထမ်းဆောင်နေကြောင်း သက်ဆိုင်ရာဌာနအကြီးအမှူး၏ ထောက်ခံစာ (မူရင်း)

၅။ သင်တန်းဝင်ခွင့်အတွက် ရေးဖြေ/နှုတ်ဖြေ စာမေးပွဲများဖြင့် စစ်ဆေးရွေးချယ်ပါမည်။

၆။ ဝင်ခွင့်စာမေးပွဲဖြေဆိုခြင်း

သင်တန်းဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို(၁၈-၁၁-၂၀၁၉)ရက်(တနင်္လာနေ့)တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး၌ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်။ (သီးခြားအကြောင်းကြားစာပေးပို့မည်မဟုတ်ပါ။)

| စဉ် | စစ်ဆေးမည့်အချိန် | ဘာသာရပ် | မေးခွန်းပုံစံ |
|---|---|---|---|
| ၁ | နံနက်ပိုင်း (၀၉း၀၀)နာရီမှ (၁၁း၀၀)နာရီအထိ | မေးခွန်းလွှာ(၁)<br>Basic Laboratory Technique<br>Basic Radiography and Anatomy | MCQ |
| ၂ | ညနေပိုင်း (၁၃း၀၀)နာရီမှ (၁၅း၀၀)နာရီအထိ | မေးခွန်းလွှာ(၂)<br>English | Objective Type |

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို(၁၅-၁၁-၂၀၁၉)ရက် (သောကြာနေ့)တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး၌ ထုတ်ပေးမည်။

၈။ လူတွေ့နှုတ်ဖြေစစ်ဆေးမည့်ရက်ကို လူတွေ့နှုတ်ဖြေ ဖြေဆိုခွင့်ရရှိသူ စာရင်းထုတ်ပြန်ကြေညာသည့်အခါတွင် ဖော်ပြပါမည်။

၉။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်းခံရပြီး သင်တန်းကိုပြီးဆုံးအောင် မတက်ရောက်လျှင်သော်လည်းကောင်း၊သင်တန်းပြီးဆုံးအောင်မြင်ပြီးနောက်နိုင်ငံ့ဝန်ထမ်းအဖြစ်(၃)နှစ်ဆက်လက်တာဝန်ထမ်းဆောင်ခြင်းမရှိလျှင်သော်လည်းကောင်း၊သတ်မှတ်ထားသော သင်တန်းလျော်ကြေးငွေ (၄၀၀၀၀၀ိ/-) (ကျပ်လေးသိန်းတိတိ)ကို ပေးလျော်မည်ဖြစ်ကြောင်းကတိခံဝန်ချုပ် ချုပ်ဆိုရမည်ဖြစ်သည်။

၁၀။ သင်တန်းတက်ရောက်မည့်သူများသည် ဝန်ထမ်းများဖြစ်သဖြင့် သင်တန်းတက်နေစဉ်ကာလအတွင်း လစာအပြည့်ဖြင့် တာဝန်ထမ်းဆောင်ချိန်(On Duty) သတ်မှတ်ပေးမည်။

၁၁။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဆေးဘက်ဆိုင်ရာနည်းပညာသင်တန်း ဝင်ခွင့်စာမေးပွဲကြေး-၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) ကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် မန္တလေး မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၂)၊မန္တလေးတွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၃၀၁၇ သို့ ပေးသွင်းရမည်။

မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတဆင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၂) မန္တလေးမြို့တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး ငွေစာရင်းအမှတ်၊ MD -၀၁၃၀၁၇သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်းပေးသွင်းနိုင်ပါသည်။

၁၂။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး(ဖုန်းနံပါတ်၀၉၈၉၆၅၀၀၁၃၈၄၊၀၂-၅၈၀၃၇ ၀၂-၅၇၀၁၂၊ လိုင်းခွဲ ၂၀၂)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။ သို့မဟုတ် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်- မန္တလေး၏ Website:http://www.umtmandalay.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

(ပါမောက္ခဒေါက်တာမြမြအေး)
ပါမောက္ခချုပ်
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး

စာအမှတ်၊ ၂၀၂၈ /ဆဘမ/သက(ပေါင်းကူး)
ရက်စွဲ၊ ၆.၉.၂၀၁၉